# မကွေးတိုင်းဒေသကြီး

# မင်းဘူးခရိုင်


# မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ငဖဲမြို့နယ်

# ဒေသဆိုင်ရာအချက်အလက်များ

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ရက်

# ငဖဲမြို့နယ်အခြေပြမြေပုံ



N
ငဖဲမြို့နယ်
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
ပွင့်ဖြူမြို့နယ်
စေတုတ္တရာမြို့နယ်
မင်းဘူး(စကု)မြို့နယ်
အမ်းမြို့နယ်
မင်းလှမြို့နယ်
ငဖဲမြို့
မင်းလှိုင်ကျေးရွာအုပ်စု
ကျောင်းကုန်းကျေးရွာအုပ်စု
မန်းတမံ
ရင်ရှည်တမံ
မန်းရွှေစက်တော်
မင်းဘူးသို့
မုံ့ရွာသို့
အမ်းသို့
ပုသိမ်သို့
ရည်ညွှန်းချက်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကတ္တရာလမ်း
ကျောက်ခင်းလမ်း
မြေသားလမ်း
ချောင်း
ဆည်/တမံများ
ဆေးရုံ/ကျန်းမာရေးဌာန

# ငဖဲမြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များ

## အခန်း(၁)

## နိဒါန်းနှင့်ဒေသသမိုင်း

### နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများအကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေး၊ ပြည်သူ့ဗဟိုပြုဒေသဖွံ့ဖြိုးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျှက် ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားချောမွေ့စွာ လည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သော တာဝန်များနှင့်ဒေသဆိုင်ရာအစိုးရအဖွဲ့များမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာ အချက်အလက်များ ပြုစုခြင်းဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင် နယ်မြေ၏ အချက်အလက်များကို လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည်

ငဖဲမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ(၂၀၂၂-ခုနှစ်၊ ဧပြီလမှ ၂၀၂၃-ခုနှစ်၊ မတ်လကုန်အထိ)ကို သက်ဆိုင်ရာဌာန အသီးသီးမှ ပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ငဖဲမြို့ဖြစ်ပေါ်လာပုံ ရှေးရိုးစကားများရှိခဲ့ပြီး အနုသာ၀က ကထာအရ အရှင်ရေဝရသည် ရေကိုတားမြစ်သဖြင့် မန်းဖယ်၍ သွားသောနေရာတွင် မြို့တည်ထားကြောင်း ဖော်ပြထား၏။ ရှေးအခါက မန်းဖယ်မြို့ဟု ခေါ်ဆိုရာမှ တဆင့် မဖဲမြို့၊ မဖဲမြို့မှ ငဖဲမြို့အဖြစ် အဆင့်ဆင့်တွင်လာသည်ဟု ဆိုကြသည်။ စကုမြို့နယ်အတွင်းရှိ ရွှေစက်တော်စေတီသို့ လှူဒါန်းသောပန်းများနှင့် အမှိုက်သရိုက်များအား မန်းချောင်းအတွင်းမှ ဖယ်ရှားရှင်းလင်းရန် မြို့ရွာတည်စေ၏။ မြို့သူ/မြို့သားများအား တာဝန်ပေးအပ်သည်ကို အစွဲပြု၍ ပန်းဖယ်မြို့ဟု ခေါ်ဆိုရာမှ ငဖဲမြို့ဟူသောအမည်ကို ကူးပြောင်းလာခြင်းဖြစ်သည် ဟုလည်း အဆိုရှိခဲ့ပြန်သည်။ ရခိုင်ရိုးမတောင်တန်းပေါ်က စီးဆင်း လာသော နမ္မဒါ(ခေါ်)မန်းချောင်းသည် မူလငဖဲမြို့ဟောင်း တည်နေရာတွင် ရေတိုက်စား၍ မြို့တည်နေရာကို မန်းချောင်းနံဘေးမှ ရွှေ့ပြောင်း ခဲ့ရသည် ဤသည်ကို အစွဲပြု၍ မန်းဖယ်မြို့မှ ငဖဲမြို့ဟုလည်း ဆိုကြသည်။

ရှေးရိုးစကားအရ **"အောင်ကျော်လီ မဖဲတည်"** ဟူ၍ သက္ကရာဇ် (၄၂၁)တွင် ငဖဲအမည်ဖြင့် မြို့တည်သည်ဟု ယူဆရသည်။ သက္ကရာဇ် ၁၁၅၅ ခုနှစ်၊ ပန်းထိမ်းမြို့စား သတိုးမင်းကျော်သူ

လက်ထက်တွင် ပန်းထိမ်းမြို့ စစ်တမ်းပေစာတပိုဒ်တွင် "**ပုဂံမင်း၊ အနော်ရထာမင်းစော လက်ထက်တော် မြန်မာအပေါင်းကို သိမ်းပျူ အဝင် ပန်းထိမ်း၊ မဖဲမြို့ ရွာတည်မင်းအဆက်ဆက် မင်းညီ၊ မင်းသား မှူးမတ်တို့သည် ထီးလှိုင်ရှင် ကျန်စစ်သားလက်ထက် မြေးတော်ကို နန်းလွှဲပြီးမှ ကျောင်းဖြူ သံဃာရာမတူ၊ သမ္ဗူလမိဖုရား သားတော်ကို လက်စွဲ၍ နန်းတော်ကိုအရောက် လာခဲ့သောကြောင့် မြေးကအရင်း သားကအဖျားဖြစ်သည်'**ဟု ဆိုတော်မူ၍ သီရိခေတ္တရာရာဇ်အမည်ဖြင့် ပန်းထိမ်း၊ ငဖဲ စကုမြို့သစ်၊ တိုင်းတား စသော ခရိုင်ကို အပိုင်စား ပေး၍သိမ်းစံစီရင်သည်ဟု ပါရှိပါသည်။ ဤစာပေ အထောက်အထား အရ ငဖဲ-ပန်းထိမ်းအမည်ဖြင့် မြို့ရွာတည်နေသည်ဟု တွက်ချက် ခန့်မှန်းရမည် ဖြစ်ပါသည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာန၏ ၃၀-၆-၁၉၇၂ ရက်စွဲပါ စာအမှတ်၊ ၁၀၃/၉/ စိတ်(၁)ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့ပါသည်။

## အခန်း(၂)

## ပထဝီဝင် အနေအထား

### တည်နေရာအကျယ်အဝန်း

၃။ ငဖဲမြို့နယ်သည် မြောက်လတ္တီကျူ ၂၀ဒီဂရီ၀မိနစ် မှ ၂၀ဒီဂရီ-၁၀မိနစ် အတွင်း၊ အရှေ့လောင်ဂျီကျူ ၉၄ဒီဂရီ-၂၀မိနစ်မှ ၉၄ဒီဂရီ-၃၀မိနစ် အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၂၁.၀၅) မိုင်နှင့် တောင်မှမြောက်သို့ (၂၄.၀၅)မိုင် ရှည်လျားပါသည်။ ငဖဲမြို့နယ် နှင့် မြို့တို့၏ ဧရိယာအကျယ်အဝန်းမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ငဖဲ | ဝ.၁၉ | ၅ဝ၅.၉၁၃ | ၅ဝ၆.၁ဝ၃ |

## နယ်နိမိတ်

၄။ ငဖဲမြို့နယ်သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း တည်ရှိပြီး အရှေ့ဘက်တွင် မင်းဘူး(စကု)မြို့နယ်၊ အနောက်ဘက်တွင် အမ်းမြို့နယ်(ရခိုင်ပြည်နယ်)၊ တောင်ဘက်တွင် မင်းလှမြို့နယ် (သရက်ခရိုင်)နှင့် မြောက်ဘက်တွင် စေတုတ္တရာမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ ငဖဲမြို့နယ်သည် တောင်ကုန်းတောင်တန်း ပေါများသော မြို့နယ်ဖြစ်ပြီး မြို့နယ်အနောက်ဘက်ခြမ်းသည် ရခိုင်ရိုးမနှင့် ဆက်စပ်လျှက်ရှိသဖြင့် ငဖဲမြို့နယ်ကို မြေနံ့ရံကြီး ကာကွယ်တားဆီး လျှက်ရှိပါသည်။ တောင်စွယ်တောင်တန်းများသည် အရှေ့ဘက်သို့ ဆင်ခြေလျှောအဖြစ် တည်ရှိပါသည်။ ထင်ရှားသော တောင်တန်းများမှာ အမြင့်ပေ(၃၉၁၁)ရှိ ၄က်ပျောတောင်၊ (၄၉၃၅)ပေရှိ ရေယဉ်တောင်၊ (၅၂ဝ၈)ပေမြင့်သော နတ်ရေကန်တောင်၊ (၅၆ဝ၄)ပေ မြင့်သော ပေါက်စတောင်၊ (၄၈၈၅)ပေမြင့်သော ဂုတ်စည်းရိုးတောင်၊ (၃၇၈၁)ပေ မြင့်သော ဆားပေါက်တောင်၊ (၃၅၁၁)ပေမြင့်သော လေသာတောင်နှင့်

(၄၄၄၇)ပေမြင့်သော ကြက်မောက်တောင်တို့ တည်ရှိပါသည်။ မြို့နယ် ဧရိယာ (၅၀၆.၁၀၃)စတုရန်းမိုင် (၃၂၃၉၀၆)ဧကေ ရှိသည့်အနက် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအနေဖြင့် (၁၇၀၂၄၁)ဧကရှိပြီး (၅၂.၅၆)ရာခိုင်နှုန်း သစ်တောများ ဖုံးလွှမ်းလျှက်ရှိပါသည်။ တောင်ကုန်း တောင်တန်း လေးပုံသုံးပုံနှင့် မြေပြန့်လွင်ပြင် လေးပုံတစ်ပုံသာ ရှိပါသည်။

**ရေဆင်း**

၆။ ငဖဲမြို့နယ်သည် ချောင်းပေါများသော ဒေသဖြစ်ပြီး ငဖဲမန်း ချောင်းသည် အနောက်မှ အရှေ့သို့လည်းကောင်း၊ ပန်းတိမ်းမန်းချောင်း သည် တောင်မှမြောက်သို့လည်းကောင်း စီးဆင်းပြီး မြို့နယ်အတွင်း ပေါင်းဆုံ၍ မန်းရွှေစက်တော် ဘုရားမှဖြတ်သန်းပြီး မင်းဘူး(စကု) မြို့နယ်၊ စကုမြို့အနီးမှတဆင့် ဧရာဝတီမြစ်ထဲသို့ စီးဝင်ပေါင်းဆုံ ပါသည်။ နတ်ရေကန်တောင်ပေါ်ဒေသရှိ ဂုတ်ကြီးရွာအနီးတွင် ရမ်လည်ချောင်း၊ စွန်တက်ရွာအနီးတွင် ပသွန်ချောင်း၊ ပဇီချောင်း၊ စတုံချောင်း၊ လင်းပိုချောင်း၊ ဘုံးဘောရွာတွင် ဘုံးဘောချောင်း၊ ဇော်ဂျီချောင်း၊ အဲမချောင်း၊ ပဇီရွာအနီးတွင် ရေမိုးချောင်း၊ ပသွန် ချောင်း၊ လိုင်ရွာအနီးတွင် ပန်းလှချောင်း၊ လိုင်ချောင်း၊ ရေဖြူချောင်း နောင်ရွာအနီးတွင် မုန်းစလေချောင်း၊ သရက်ချောင်း၊ လင်းပါချောင်း၊ လှုပ်လှုံချောင်း၊ ဝန်ချောင်း၊ မုန်းစကြီးချောင်း၊ ပဘဲတွင် ပန်းလှချောင်း လင်းတဲတွင် စတုံချောင်း၊ ပနီချောင်း၊ ပဘွေးတွင် ရေထွက်များ ရှိပါသည်။ မြေပြန့်တွင် ပဒါန်းချောင်း၊ ဂုတ်ဝချောင်း၊ ပျဉ်းဝချောင်း၊ ပေါင်းချောင်း၊ ပဇီချောင်းတို့ မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျှက် ရှိပါသည်။ ငဖဲမန်းချောင်းနှင့် ပန်းတိမ်း မန်းချောင်းများမှ ရာသီမရွေး

မပြတ်စီးဆင်းလျှက်ရှိပြီး စိုက်ပျိုးရေ၊ သောက်သုံးရေအဖြစ် အသုံးပြုနိုင်ပါသည်။

**ပင်လယ်ရေမျက်နှာပြင်အမြင့်**

၇။ ငဖဲမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံး (၅၁၄)ပေ၊ အမြင့်ဆုံး(၅၆၀၄)ပေတွင် ပေါက်စတောင်တည်ရှိပြီး မြို့တည်နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် (၅၁၄)ပေတွင် တည်ရှိပါသည်။

## အခန်း(၃)

## ရာသီဥတုနှင့် သဘာဝပေါက်ပင်

**ရာသီဥတု**

၈။ ငဖဲမြို့နယ်သည် အပူပိုင်းခြောက်သွေ့ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၁၁၈.၄ °F)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၅၁.၈ °F)ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | | | |
|---|---|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် | နွေရာသီ အမြင့်ဆုံး | | ဆောင်းရာသီ အနိမ့်ဆုံး | |
| | | | | ( °c) | ( °F ) | ( °c) | ( °F) |
| ၁ | ၂၀၁၆ | ၇၇ | ၄၉.၉၅ | ၄၃ °c | ၁၀၉.၄ °F | ၁၇ °c | ၆၂.၆ °F |

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | | | |
|---|---|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်းမိုးရေချိန် | နေ ရှိသော အမြင့်ဆုံး | | ဆောင်းဝင်ရှိသော အနိမ့်ဆုံး | |
| | | | | ( °c) | ( °F ) | ( °c) | ( °F) |
| ၂ | ၂၀၁၇ | ၇၃ | ၅၄.၅ | ၄၆°C | ၁၁၄.၈°F | ၁၇°C | ၆၂.၆ °F |
| ၃ | ၂၀၁၈ | ၆၈ | ၅၀.၂၈ | ၄၈°C | ၁၁၈.၄°F | ၁၁°C | ၅၁.၈ °F |
| ၄ | ၂၀၁၉ | ၆၁ | ၃၈.၄၅ | ၄၈°C | ၁၁၈.၄°F | ၁၆°C | ၆၀.၈ °F |
| ၅ | ၂၀၂၀ | ၅၀ | ၂၁.၄၅ | ၃၈°C | ၁၀၀.၄°F | ၂၆°C | ၇၈.၈ °F |
| ၆ | ၂၀၂၁ | ၆၁ | ၅၂.၁၅ | ၃၆°C | ၉၆.၈၀°F | ၁၉°C | ၆၆.၂ °F |
| ၇ | ၂၀၂၂ | ၃ | ၃.၁၁ | ၄၆°C | ၁၁၄.၈°F | ၁၉°C | ၆၆.၂ °F |
| ၈ | ၂၀၂၃ | - | - | ၄၆°C | ၁၁၄.၈°F | ၁၉°C | ၆၆.၂ °F |

**သဘာဝပေါက်ပင်များ**

၉။ ငဖဲမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ အင်၊ ကစုပင်၊ ပေါက်၊ သစ်ရာ၊ ကရဝေး၊ အင်ကြင်း၊ ပိတောက်၊ ထောက်ကြံ့၊ သစ်ဆိမ့်၊ နဘဲ၊ တယ်၊ သပြေ၊ ရုံးပင်၊ ယင်းမာ၊ ဒဟတ်၊ သန်း၊ သီး၊ တမာ၊ မကျည်း၊ သိုက်ဝါး၊ တင်းဝါး၊ မျှင်ဝါး၊ ကြသောင်းဝါး၊ ကြိမ်တို့ ဖြစ်ပါသည်။

## တောရိုင်းတိရစ္ဆာန်များ

၁၀။ ငဖဲမြို့နယ်တွင် တွေ့ရှိရသော တောရိုင်းတိရစ္ဆာန်များမှာ ပြောင်၊ ကျားသစ်၊ စိုင်၊ ဆတ်၊ တောဝက်၊ ဝက်ဝံ၊ ဖြူ၊ မျောက်၊ ယုန်၊ တောခွေး၊ ဝံပုလွေ၊ ခွေးအ၊ ဂျီ၊ ဒရယ်၊ သမင်၊ ဖွတ်၊ ပဒတ်၊ ဥဒေါင်း၊ ဒေါင်းကုလားအုပ်၊ ခါ၊ ချိုး၊ အောက်ချင်းငှက်၊ တစ်တီတူး၊ ငှက်တော်၊ ကြက်တူရွေး၊ တောကြက်၊ ဇီးကွက်၊ ငှက်ခါး၊ ဇရက်၊ စာဂတီး၊ ဗျိုင်း၊ သာလိကာ၊ ငုံး၊ ရေဘဲ၊ ခို၊ သစ်တောက်ငှက်၊ ဥသြ၊ ပျံလွှား၊ ဇင်ယော်၊ ရေကြက် တို့ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ

၁၁။ ငဖဲမြို့နယ်အတွင်း ငဖဲချောင်းနှင့် ပန်းတိမ်းမန်းချောင်းတို့မှ စိုက်ပျိုးရေ၊ သောက်သုံးရေရရှိ သုံးစွဲရသော်လည်း မန်းချာင်းနှင့် အလှမ်းကွာဝေးသည့် စည်သာ၊ မာန်အောင်၊ ဆူးပဒေါင်းစသည့် ကျေးရွာအုပ်စုများတွင် မိုးရေလှောင်ကန်များဖြင့်သာ သောက်သုံးရေ ရယူသုံးစွဲရသဖြင့် မိုးရွာသွန်းမှု နည်းပါးပြီး အပူရှိန်ပြင်းသည့်နှစ်တွင် မိုးရေလှောင်ကန်များ ခန်းခြောက်ပြီး သောက်သုံးရေရရှိရေး အခက်အခဲ အနည်းငယ်ကြုံတွေ့ရပါသည်။ ငဖဲမြို့နယ်အတွင်း သစ်တော ကြိုးဝိုင်းဖုံးလွှမ်းမှု (၅၂.၅၆%)ရှိပြီး ကြိုးပြင်ကာကွယ်တော ဖုံးလွှမ်းမှု (၅.၇၅%)ရှိသဖြင့် သစ်တောဖုံးလွှမ်းမှု (၅၈.၃၁%) ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

၁၂။ ငဖဲမြို့နယ်အတွင်း ကြိုးဝိုင်းသစ်တော (၁၇၀၂၄၁)ဧက ရှိပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ နှစ်စဉ်စိုက်ခင်းများထူထောင် စိုက်ပျိုး လျှက်ရှိပြီးသစ်တောများပြုန်းတီးမှုမရှိစေရေးအတွက် မြို့နယ်သစ်တော

ဦးစီးဌာနမှဘိနယ်များသတ်မှတ်၍ သစ်တောထိန်းသိမ်း စောင့်ရှောက်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ ငဖဲမြို့နယ်အတွင်း ၂၀၂၂ခုနှစ်၊ ဧပြီလမှ ၂၀၂၃ခုနှစ်၊ မတ်လအထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါကြောင်း တင်ပြအပ်ပါသည်။

## အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

**နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ**

၁၄။ ငဖဲမြို့နယ်တွင် နေထိုင်ကြသော လူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ် လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၁ | ၅၃၄၇၉ | ၀.၀၀၁ |
| ၂ | ကရင် | ၆ | ၅၃၄၇၉ | ၀.၀၁၁ |
| ၃ | ချင်း | ၁၅၆၆၆ | ၅၃၄၇၉ | ၂၉.၃ |
| ၄ | ဗမာ | ၃၇၇၀၉ | ၅၃၄၇၉ | ၇၀.၅ |
| ၅ | ရခိုင် | ၇၅ | ၅၃၄၇၉ | ၀.၁ |

| စဉ် | လူမျိုး | နေထိုင်သည့်ဦးရေ | မြို့နယ်လဦးရေ | မြို့နယ်လဦးရေ၏ရာခိုင်နှုန်း |
|---|---|---|---|---|
| ၆ | ရှမ်း | ၂၀ | ၅၃၄၇၉ | ၀.၀၃ |
| ၇ | မွန် | - | ၅၃၄၇၉ | - |
| ၈ | အခြား | ၂ | ၅၃၄၇၉ | ၀.၀၀၃ |
| | **မြို့နယ်ပေါင်း** | **၅၃၄၇၉** | **၅၃၄၇၉** | **၁၀၀** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ငဖဲမြို့နယ်၏ ၂၀၂၃-ခုနှစ်၊ မတ်လအထိ လူဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) အိမ်ခြေ/အိမ်ထောင်စု

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၁၀၈၃ | ၁၁၀၁ | ၂ | - | - |
| ၂ | ကျေးလက်နေ | ၁၁၄၀၈ | ၁၁၆၁၄ | - | ၃၁ | ၇၈ |
| | **မြို့နယ်ပေါင်း** | **၁၂၄၉၁** | **၁၂၇၁၅** | **၂** | **၃၁** | **၇၈** |

## (ခ) လူဦးရေ

| စဉ် | အကြောင်းအရာ | (၁၈)နှစ်အထက် | | | (၁၈)နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြို့နေ | ၁၄၉၁ | ၁၈၆၉ | ၃၃၆၀ | ၄၄၄ | ၄၅၄ | ၈၉၈ | ၁၉၃၅ | ၂၃၂၃ | ၄၂၅၈ |
| ၂ | ကျေးရွာနေ | ၁၆၅၅၇ | ၁၈၀၂၁ | ၃၄၅၇၈ | ၇၃၁၁ | ၇၃၃၂ | ၁၄၆၄၃ | ၂၃၈၆၈ | ၂၅၃၅၃ | ၄၉၂၂၁ |
| | **မြို့နယ်** | **၁၈၀၄၈** | **၁၉၈၉၀** | **၃၇၉၃၈** | **၇၇၅၅** | **၇၇၈၆** | **၁၅၅၄၁** | **၂၅၈၀၃** | **၂၇၆၇၆** | **၅၃၄၇၉** |

## လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

၁၆။ ငဖဲမြို့နယ်၏ ၂၀၂၃-ခုနှစ်၊ မတ်လအထိ လူဦးရေ တိုးနှုန်းနှင့် ကျား/မအချိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### (က) လူဦးရေတိုးနှုန်းနှင့် ကျား၊မအချိုး

| စဉ် | မြို့နယ် | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးသော ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | ငဖဲ | ၅၃၂၆၀ | ၅၃၄၇၉ | ၂၁၀ | ၀.၀၃၉ | ၂၅၈၀၃ | ၂၇၆၇၆ | ၁:၁.၀၇ |
| **မြို့နယ်ပေါင်း** | | **၅၃၂၆၀** | **၅၃၄၇၉** | **၂၁၀** | **၀.၀၃၉** | **၂၅၈၀၃** | **၂၇၆၇၆** | ၁:၁.၀၇ |

### (ခ) မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ် | မူလ လူဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ငဖဲ | ၅၃၂၆၉ | ၄၅၃ | ၃၂၉ | ၃၁၆ | ၂၃၀ | ၅၃၄၇၉ |
| **မြို့နယ်ပေါင်း** | | **၅၃၂၆၉** | **၄၅၃** | **၃၂၉** | **၃၁၆** | **၂၃၀** | **၅၃၄၇၉** |

## ကိုးကွယ်သည့်ဘာသာ

၁၇။ ငဖဲမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့်ဘာသာအလိုက်လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ငဖဲမြို့နယ် | ၅၀၃၂၈ | ၂၉၅၄ | - | - | - | ၁၉၇ | ၅၃၄၇၉ |
| | **မြို့နယ်ပေါင်း** | **၅၀၃၂၈** | **၂၉၅၄** | **-** | **-** | **-** | **၁၉၇** | **၅၃၄၇၉** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ငဖဲမြို့နယ်တွင် နိုင်ငံခြားသားများ နေထိုင်သူဦးရေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | နိုင်ငံခြားသား လူမျိုး | နေထိုင် ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ် လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | ငဖဲ | တရုတ် | ၁ | ၅၃၄၇၉ | ၀.၀၀၁ |
| (ခ) | ငဖဲ | အိန္ဒိယ | ၁ | ၅၃၄၇၉ | ၀.၀၀၁ |
| **မြို့နယ်ပေါင်း** | | | **၂** | **၅၃၄၇၉** | **၀.၀၀၂** |

# အခန်း(၅)
# အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

## အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ ငဖဲမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှုမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | ရပ်ကွက် | ကျေးရွာ အုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ငဖဲမြို့နယ် | ၁ | ၂ | ၃၁ | ၇၈ |
| | **မြို့နယ်ပေါင်း** | **၁** | **၂** | **၃၁** | **၇၈** |

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ**

၂၀။ ငဖဲမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

(က) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | – | – | ဥက္ကဋ္ဌ |
| ၂ | – | – | အဖွဲ့ဝင် |
| ၃ | – | – | အဖွဲ့ဝင် |
| ၄ | – | – | အဖွဲ့ဝင် |
| ၅ | – | – | အဖွဲ့ဝင် |
| ၆ | – | – | အဖွဲ့ဝင် |
| ၇ | ဦးအေးလှိုင် | ဒု–မြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၈ | Dr အုန်းဝင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး | အဖွဲ့ဝင် |
| ၉ | ဦးမျိုးကိုကိုဟိန်း | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၁၀ | ဦးကျော်ဝင်း | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၁၁ | ဦးမြင့်သိန်း | မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ | အဖွဲ့ဝင် |
| ၁၂ | ဒေါ်ယုယုသိန်း | မြို့နယ်ပြန်ဆက်ဦးစီးမှူး | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ခိုင်သီတာ | မြို့နယ်စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁၄ | ဦးပွားမောင် | လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး | အဖွဲ့ဝင် |
| ၁၅ | ဒေါ်မော်မော်လွင် | မြို့နယ်စည်ပင် အမှုဆောင်အရာရှိ | အဖွဲ့ဝင် |
| ၁၆ | ဒေါ်ဟန်မီမီကျော် | ဦးစီးအရာရှိ၊မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(ခ) **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ**

| စဉ် | မြို့နယ် | မြို့နယ်လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ငဖဲမြို့နယ် | ၅၃၄၇၉ | ၁၈၀၄၈ | ၁၉၈၉၈ | ၃၇၉၃၈ |
| | **မြို့နယ်ချုပ်** | **၅၃၄၇၉** | **၁၈၀၄၈** | **၁၉၈၉၈** | **၃၇၉၃၈** |

## ( ဂ ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင်ဦးရေ | ပါတီဝင်ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုးပါတီ | ဦးအောင်နိုင်လင်း | ဦးသန်းနိုင်ဦး | ၃၀ | ၂၄၇၉ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ဦးနွယ် | မိုင်စီစီဝင်း | ၉ | ၁၂၃ |
| ၃ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ဦးခင်ဆောင် | ဒေါ်ကရင်မ(ခ)<br>ဒေါ်ညွန့်ညွန့် | ၄ | ၆၄၉ |
| ၄ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ဦးအောင်လင်းဦး | ဒေါ်ခင်သီတာ | ၁၀ | ၁၈၀၀ |
| ၅ | ပြည်သူ့ပါတီ | ဦးကျော်စိုး | ဦးညွန့်ဝင်း | ၁၆ | ၁၅ |
| ၆ | ပြည်သူ့ရှေ့ဆောင်ပါတီ | ဒေါ်ဝင်းမာကြည် | ဒေါ်ဝင်းဝင်းခိုင် | ၃၈ | ၃၀ |

## (ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | မြို့နယ် | လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/တသီးပုဂ္ဂလိကအမည် | လွှတ်တော်အမည် |
|---|---|---|---|---|
| ၁ | ငဖဲ | - | - | - |

# အခန်း(၆)

## စီပွားရေးဆိုင်ရာအချက်အလက်များ

### စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၂၁။ ငဖဲမြို့နယ်သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ငဖဲမြို့နယ်သည် ပုသိမ်-မုံရွာလမ်းနှင့် မင်းဘူး-ငဖဲ-အမ်းလမ်းဆုံနှင့် ပဒါန်း-ငဖဲ-စေတုတ္တရာ လမ်းမပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်မှာ စပါး၊ မြေပဲ၊ နှမ်းနှင့်ပဲမျိုးစုံတို့ဖြစ်ပြီး မင်းဘူး/မကွေးနှင့်ပြည်မြို့များ သို့ အများဆုံး တင်ပို့ရောင်းချပါသည်။

## မြေအသုံးချမှု

၂၂။ ငဖဲမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | **၂၇၉၃၀** |
| | (က) လယ်မြေဧရိယာ | ၉၃၆၄ |
| | (ခ) ယာမြေ | ၁၈၁၈၅ |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၁၂၉ |
| | (င) ဓနိဝယ်ခင်းမြေ | ၂၅၂ |
| ၂ | လပ်ထားမြေဧရိယာ | - |
| | (က) လယ်မြေဧရိယာ | - |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | - |
| | (င) ဓနိဝယ်ခင်းမြေ | - |
| ၃ | စားကျက်မြေ | - |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၃၆၄၉၀ |
| ၅ | မြို့မြေ | ၁၂၂ |
| ၆ | ရွာမြေ | ၁၆၀၂ |
| ၇ | အခြားမြေ | ၇၁၈၂ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများဧရိယာ | ၁၇၀၂၄၁ |

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၉ | တောရိုင်း | ၆၆၂၂၇ |
| ၁၀ | မြေရိုင်း | ၅၄၈၈ |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၈၆၂၄ |
| | **စုစုပေါင်း** | **၃၂၃၉၀၆** |

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၃။ ငဖဲမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

### (က) **ကိုယ့်အားကိုယ်ကိုးဆည်များ**

| စဉ် | ဆည်အမည် | ဆည် အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြု ဧက |
|---|---|---|---|---|
| ၁ | ငရံ့ချောင်းဆည် | မြေသား | | ၄၀ |
| ၂ | ကျောက်ဖြူကိုင်းဆည် | မြေသား | | ၁၃ |
| ၃ | ရေပုတ်ဆည် | မြေသား | | ၂၈ |
| ၄ | ထောက်ရှာပင်ဆည် | မြေသား | | ၆၀ |
| ၅ | သာယာကုန်းဆည် | မြေသား | | ၁ |
| ၆ | နေဘ်ဇာဆည် | မြေသား | | ၆၃ |
| ၇ | မကျီးပင်ပုဆည် | မြေသား | | ၄၅ |
| ၈ | အင်ကြင်းတောင်ဆည် | မြေသား | | ၃၈ |

| စဉ် | ဆည်အမည် | ဆည် အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြု ဧက |
|---|---|---|---|---|
| ၉ | ဦးကင်းဆည် | မြေသား | | ၁၉ |
| ၁၀ | တလုတ်ကိုင်း ဆည် | မြေသား | | ၈၉ |
| ၁၁ | ပန်းတိမ်းမင်း ဆည် | မြေသား | | ၆၁၆ |
| ၁၂ | ကိုင်းဆည် | မြေသား | | ၅၀၃ |
| ၁၃ | ကျောက်တန်းကြီး ဆည် | မြေသား | | ၆၀ |
| ၁၄ | သစ်ချိုဆည် | မြေသား | | ၁၁၂ |
| ၁၅ | ပတ္တာ ဆည် | မြေသား | | ၃၂၈ |
| ၁၆ | ပေါက်တောဆည် | မြေသား | | ၁၄၀ |
| ၁၇ | သံပုရာဆည် | မြေသား | | ၂၀၇ |
| ၁၈ | ဝါးဘောဆည် | မြေသား | | ၂၉ |
| ၁၉ | အနော်ရထာဆည် | မြေသား | | ၂၆ |
| ၂၀ | ရေနွယ်ဆည် | မြေသား | | ၁၉၁ |
| ၂၁ | ရှောက်တောင်ဆည် | မြေသား | | ၁၃၈ |
| ၂၂ | လယ်တည်ဆည် | မြေသား | | ၁၆၀ |
| ၂၃ | ရှမ်းတဲဆိပ်ဆည် | မြေသား | | ၂၂ |
| ၂၄ | ပေါက်အိုင်ဆည် | မြေသား | | ၃၀ |
| ၂၅ | နောင်ဆည် | မြေသား | | ၂၈ |

| စဉ် | ဆည်အမည် | ဆည် အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြု ဧက |
|---|---|---|---|---|
| ၂၆ | ဂုတ်ချောင်းဆည် | မြေသား | | ၈၅ |
| ၂၇ | ပျဉ်းချောင်းဆည် | မြေသား | | ၃၇ |
| ၂၈ | ဝက်စာကျင်းဆည် | မြေသား | | ၁၂၈ |
| ၂၉ | အထက်ကွင်းလင် ဆည် | မြေသား | | - |
| ၃၀ | အောက်ကွင်းလင်ဆည် | မြေသား | | ၂၁ |
| ၃၁ | အုတ်သျှစ်ကုန်း ဆည် | မြေသား | | ၁၃၅ |
| ၃၂ | ဇီးကားပတ္တာဆည် | မြေသား | | ၁၀၇၅ |
| မြို့နယ်ချုပ် | | | | ၄၄၆၇ |

**( ခ ) မြစ်ရေတင်စီမံကိန်းများ**

ငဖဲမြို့နယ်တွင် မြစ်ရေတင်စီမံကိန်းများ မရှိပါ။

**( ဂ ) တာတမံများ/ ရေထိန်းတံခါး**

| စဉ် | မြို့ နယ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြု ဧက |
|---|---|---|---|---|---|---|
| | | အမည် | အမျိုး အစား | အရှည် (ပေ) | | |
| ၁ | ငဖဲ | - | - | - | - | - |
| မြို့နယ်ချုပ် | | - | - | - | - | - |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ ငဖဲမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **အဓိကသီးနှံ (၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံအမည် | ၂၀၂၂–၂၀၂၃ | | ၂၀၂၂–၂၀၂၃ ခနှစ် | | | |
|---|---|---|---|---|---|---|---|
| | | လျာထားဧက | | စိုက် | ရိတ် | နှုန်း | အထွက် (တင်း) |
| ၁ | စပါးပေါင်း | နွေ | ၉၅ | ၇ | – | – | – |
| | | မိုး | ၈၃၁၁ | ၉၀၅၈ | ၉၀၅၈ | ၈၀.၇၄ | ၇၃၁၃၈၂ |
| ၂ | မြေပဲ | မိုး | ၄၁၅ | ၅၀၀ | ၅၀၀ | ၅၅.၁၅ | ၂၇၅၇၅ |
| | | ဆောင်း | ၃၃၅ | ၁၂၇ | ၁၂၇ | ၆၀.၀၂ | ၇၆၂၃ |
| ၃ | နှမ်း | မိုး | ၇၅၀၈ | ၉၄၄၀ | ၉၄၄၀ | ၅.၂၅ | ၄၉၅၆၀ |
| | | ဆောင်း | ၅၂၁ | ၁၅၈ | ၁၅၈ | ၅.၃၆ | ၈၄၇ |
| | | နွေ | ၇၆၉ | ၇၀၃ | – | – | – |
| ၄ | နေကြာ | မိုး | ၈၂ | ၃၉၁ | ၃၉၁ | ၁၅.၂၅ | ၅၉၆၃ |
| | | ဆောင်း | ၈၅ | ၆၅၀ | ၆၅၀ | ၈.၅၂ | ၅၅၃၈ |
| ၅ | မတ်ပဲ(ဆောင်း) | | ၁၅၀ | ၄၀ | ၄၀ | ၁၀.၀၅ | ၄၀၂ |
| ၆ | ပဲတီစိမ်း | မိုး | ၂၆၀ | ၄၅၆ | ၄၅၆ | ၈.၀၄ | ၃၆၆၆ |
| | | ဆောင်း | – | ၂၄၂ | ၂၄၂ | ၁၁.၅ | ၂၇၈၃ |
| ၇ | ပဲစဉ်းငုံ(မိုး) | | ၈၁၃ | ၁၇၇၅ | ၁၇၇၅ | ၅.၅ | ၉၇၆၃ |
| ၈ | ချည်မျှင်ရှည် | မိုး | – | ၁၄၃၃ | ၁၄၃၃ | ၅၁၂.၁၄ | ၇၃၃၈၉၇ |
| | | မိုးနှောင်း | ၆၃၃ | – | – | – | – |
| ၉ | ကြံ (စက်ကြိတ်ရုံး) | | – | – | – | – | – |
| ၁၀ | ဆာထော့တာပ်ဖြေားစင်း | | ၄၁ | ၄၅ | ၄၅ | ၂၂.၁၃ | ၉၉၆ |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | သစ်ဆိမ့် | ၁ | - | - | - |
| ၂ | ရာဘာ | - | - | - | - |
| ၃ | အုန်း | ၃၅ | ၃၁ | ၄၄၁၅.၀၀ | ၁၃၆၈၆၅ |
| ၄ | ကွမ်းသီး/ရွက် | ၆ | ၆ | ၄၇၆၁.၅၀ | ၂၈၅၆၉ |
| ၅ | ကော်ဖီ | ၁၀၈၅ | ၇၈၂ | ၄၄.၁၉ | ၃၄၅၅၇ |
| ၆ | လက်ဖက် | ၃၂၀ | ၂၃၇ | ၇၂.၀၈ | ၁၇၀၈၃ |
| ၇ | ပြောင်ကောင်း | ၃၂၇ | ၁၁၂ | ၆၁.၈၀ | ၆၉၂၂ |
| ၈ | ငှက်ပျော | ၂၀၃ | ၂၀၃ | ၁၂၄၆ | ၂၅၂၉၃၈ |
| ၉ | ထန်း | ၃၉ | ၁၈ | - | - |
| မြို့နယ်ချုပ် | | ၂၀၁၆ | ၁၃၈၉ | ၁၀၆၀၁ | ၄၇၆၉၃၄ |

## (ဂ) အခြားစျေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု

| စဉ် | သီးနှံ အမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက်နှုန်း | အထွက် ပေါင်း |
|---|---|---|---|---|---|
| ၁ | ကြက်သွန်နီ | ၁၇ | ၁၇ | ၄၈၂၇.၁၂ | ၈၂၀၆၁ |
| ၂ | ကြက်သွန်ဖြူ | - | - | - | - |
| ၃ | လိမ္မော် | ၂၈၀ | ၂၁၂ | ၄၁၉၅၀.၅၅ | ၈၈၉၃၅၁၆ |
| ၄ | သံပုရာ | ၁၂၀ | ၁၂၀ | ၁၅၇၄၂၃၅ | ၁၈၈၉၀၈၂၀၄ |
| ၅ | ရှောက်ချို | ၁၁၂ | ၁၁၂ | ၄၅၈၆ | ၅၁၃၆၇၆ |
| ၆ | သရက် | ၉၈ | ၉၈ | ၁၄၆၈၅ | ၁၄၃၉၁၇၇ |
| ၇ | သြဇာ | ၁၁ | ၁၁ | ၁၀၇၆ | ၁၁၈၃၂ |
| ၈ | ဇီးချဉ် | ၇၁ | ၇၁ | ၈၃၉၃၇.၂၇ | ၅၉၅၉၅၄၆ |
| ၉ | သီဟိုဠ် | ၁၁ | - | - | - |
| ၁၀ | ပိန္နဲ | ၄၅ | ၄၅ | ၁၉၂၀ | ၈၆၄၀၀ |
| ၁၁ | မကျည်း | ၈၂ | ၈၂ | ၁၁၇၄.၂၉ | ၉၆၂၉၂ |
| ၁၂ | မာလာကာ | ၁၄ | ၁၄ | ၄၉၄၄ | ၆၉၂၂၀ |
| ၁၃ | မက္ကာဒေးမီးယား | ၂၅ | - | - | - |
| ၁၄ | နာနတ် | ၅ | ၅ | ၉၈၇၇ | ၄၉၃၈၆ |
| ၁၅ | သဘော် | ၉ | ၉ | ၉၇၁ | ၈၇၄၃ |
| မြို့နယ်ချုပ် | | ၉၀၀ | ၇၉၆ | | ၂၀၆၁၁၈၀၅၇ |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ခြွေလှေ့စက် | ရေစုပ်စက် |
| ၁ | - | - | ၂ | - | - | - | - | ၃၅ | ၂၇၅ | ၁ | - | ၇ | ၅၀ | ၃၂၆ |

## (င) လယ်ယာသုံးထယ်၊ထွန်နှင့် ကျွဲနွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၁၃၆၉ | ၅၄၂၆ | ၂၃၁ | ၁၆၈၃၆ |

## (စ) ဒေသတွင်းဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ အမှန် | ၂၀၂၂-၂၀၂၃ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦးရေ | ၅၃၄၁၅ | ၅၃၄၇၉ | |
| ၂ | လူတစ်ဦးတစ်နှစ် စားသုံးမှု | တင်း | ၁၂/၁၅ | ၁၂ | မြို့/ကျေးလက်နေ |
| | -မြို့နေ | ဦး | ၄၂၅၅ | ၄၂၅၈ | |
| | -ကျေးလက်နေ | ဦး | ၄၉၀၄၄ | ၄၉၂၂၀ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၇၉၃၅၇၅ | ၆၄၁၇၃၆ | |
| ၄ | စပါးစိုက်ကေပေါင်း | ဧက | ၉၁၅၃ | ၉၀၅၈ | |
| | - အထွက်နှုန်း | တင်း | ၇၇.၂၉ | ၈၀.၇၄ | |
| | - အထွက်တင်း | တင်း | ၇၀၇၄၂၉ | ၇၃၁၃၈၂ | |
| ၅ | လာမည့်နှစ် စပါးစိုက်ဧက | ဧက | ၉၂၆၆ | ၉၁၅၃ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၁၅၂၅၉၅ | ၁၅၂ ၂၄၆ | |
| ၇ | အသုံးပြုတင်း | တင်း | ၇၉၃၅၇၅ | ၇၉၃၉၈၂ | |
| ၈ | ပိုလျှံမှု | တင်း | (-)၈၆၁၄၆ | (-)၆၂၆၀၀ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | ၅၅၄၈၃၄ | ၅၇၉၁၃၆ | |
| ၁၀ | ဖူလုံမှုရာခိုင်နှုန်း | ရာခိုင်နှုန်း | ၈၉.၁၄% | ၉၂% | |

(ဆ) **ဆီဖူလုံမှုရာခိုင်နှုန်း**

| **စဉ်** | **အကြောင်းအရာ** | **ရေတွက်ပုံ** | **၂၀၂၁-၂၀၂၂ အမှန်** | **၂၀၂၂-၂၀၂၃ အမှန်** | **မှတ်ချက်** |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၅၃၄၁၅ | ၅၃၄၇၉ | |
| ၂ | လူတစ်ဦးတစ်နှစ် စားသုံးမှု | ပိဿာ | ၉.၃၉ | ၉.၃၉ | |
| | ဝမ်းစာလိုအပ်ချက် | မ/တန် | ၈၀၉ | ၈၂၀ | |
| | ဆီထွက်ရှိမှု | ပိဿာ | -၃၉၂၇၇၃ | ၄၀၀၂၉ | |
| ၃ | အလေအလွင့်နှင့်အခြား | မ/တန် | ၆၄၀ | ၆.၅၀ | |
| ၄ | ချန်လှပ်ရမည့်တင်း | တင်း | - | - | |
| | အသုံးပြုမှု | မတ်/တန် | ၈၅.၇၂ | ၁၅.၂၀ | |
| | လိုအပ်မှု | မတ်/တန် | - | - | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၇၈% | ၈၄% | |

**မွေးမြူရေးလုပ်ငန်းများ**

၂၅။ ငဖဲမြို့နယ်၏ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ**

ငဖဲမြို့နယ်အတွင်း မွေးမြူရေးဇုန်များမရှိပါ။

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | မြို့နယ် | ခုနှစ် | ကျွဲ | နွား | ဝက် | ကြက် | ဘဲ | သိုး/ဆိတ် | ကြက်ဆင်/ဘဲငန်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ငဖဲ | ၂၀၂၂-၂၀၂၃ | ၂၃၁ | ၁၆၈၃၆ | ၅၂၄၃ | ၈၁၆၀၁ | - | ၁၇၄၇ | ၁၇၇ |
| **မြို့နယ်ချုပ်** | | | **၂၃၁** | **၁၆၈၃၆** | **၅၂၄၃** | **၈၁၆၀၁** | **-** | **၁၇၄၇** | **၁၇၇** |

(ဂ) **မြို့နယ်အသားထုတ်လုပ်မှု(ပိဿာ)**

| စဉ် | မြို့နယ် | ခုနှစ် | ကျွဲ | နွား | ဝက် | ကြက် | ဘဲ | သိုး/ ဆိတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ငဖဲ | ၂၀၂၂-၂၀၂၃ | - | ၁၇၀၆၇ | ၅၂၄၃ | ၈၁၆၀၁ | - | ၁၇၄၇ |
| **မြို့နယ်ချုပ်** | | | **-** | **၁၇၀၆၇** | **၅၂၄၃** | **၈၁၆၀၁** | **-** | **၁၇၄၇** |

(ဃ) **မြို့နယ်ကြက်/ ဘဲ/ ငုံး ဥထုတ်လုပ်မှု (လုံး)**

ငဖဲမြို့နယ်တွင် ကြက်/ဘဲ/ငုံးဥ ထုတ်လုပ်မှု မရှိပါကြောင်း တင်ပြအပ်ပါသည်။

(င) **မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု**

ငဖဲမြို့နယ်တွင် နို့ထွက်ပစည်း ထုတ်လုပ်မှု မရှိကြောင်း တင်ပြအပ်ပါသည်။

(စ) **မြို့နယ်ငါး၊ ပုဇွန်မွေးမြူရေး လုပ်ငန်းအခြေအနေ**

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ |
| ၁ | ၂၀၂၂-၂၀၂၃ | - | - | - | - | - | - |

(ဆ) **ရေချိုရေငန်ငါးဖမ်းလုပ်ငန်းများမှ အသားထုတ်မှု**

ငဖဲမြို့နယ်တွင် ရေချိုရေငန် ငါးဖမ်းလုပ်ငန်းများမှ အသားထုတ်လုပ်မှု မရှိကြောင်း တင်ပြအပ်ပါသည်။

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ ငဖဲမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ**

ငဖဲမြို့နယ်တွင် စက်မှုဇုန်များမရှိကြောင်း တင်ပြအပ်ပါသည်။

(ခ) **မြို့နယ်ရှိစက်ရုံများ**

| **စဉ်** | **မြို့နယ်** | **စက်ရုံ အမည်** | **အမျိုး အစား** | **နိုင်ငံ** | **ပုဂ္ဂလိ ကပိုင်** | **လုပ်သား အင်အား** |
|---|---|---|---|---|---|---|
| (၁) | ငဖဲ | ငဖဲ | အမှတ်(၂၅) သစ်စက်၊ပဒါန်း | နိုင်ငံပိုင် | - | ၂၈ |

**(ဂ)** **မြို့နယ်ရှိအလုပ်ရုံများ**

ငဖဲမြို့နယ်တွင် အလုပ်ရုံများ မရှိကြောင်း တင်ပြအပ်ပါသည်။

**(ဃ)** **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ**

| စဉ် | **မြို့နယ်** | **စက်မှုလုပ်ငန်းအမျိုးအစား** | **အရေ အတွက်** | **လုပ်သား အင်အား** |
|---|---|---|---|---|
| ၁ | ငဖဲ | ယက္ကန်းလုပ်ငန်း | - | |
| ၂ | | စက်ချုပ်လုပ်ငန်း | ၅ | ၁၀ |
| ၃ | | မုန့်လုပ်ငန်း | - | - |
| ၄ | | ပန်းတိမ်လုပ်ငန်း | ၈ | ၁၆ |
| ၅ | | ပန်းဘဲလုပ်ငန်း | ၃ | ၆ |
| ၆ | | ပန်းချီလုပ်ငန်း | - | - |

| စဉ် | **မြို့နယ်** | **စက်မှုလုပ်ငန်းအမျိုးအစား** | **အရေအတွက်** | **လုပ်သားအင်အား** |
|---|---|---|---|---|
| ၇ | ငဖဲ | ပန်းပု | - | - |
| ၈ | | အိုးလုပ်ငန်း | ၅ | ၅ |
| ၉ | | ဖျာ/သက္ကယ် | ၁၀ | ၁၀ |
| ၁၀ | | ချည်ထည် | - | - |
| | **မြို့နယ်ချုပ်** | | **၃၁** | **၄၇** |

**သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

၂၇။ ငဖဲမြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သစ်တောများ**

| စဉ် | အကြောင်းအရာ | ဧရိယာ (ဧက) | ပေါက်ရောက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | ၁၇၀၂၄၁ | ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ အင်၊ ကစုပင်၊ ပေါက်၊ သစ်ရာ၊ ကရဝေး၊ အင်ကြင်း၊ ပိတောက်၊ ထောက်ကြံ့၊ သစ်ဆိမ့်၊ နဘဲ၊ တယ်၊ သပြေ၊ ရုံးပင်၊ ထုံးပေါက် ယင်းမာ၊ ဒဟတ်၊ သန်း၊ မကျည်း၊ သိုက်ဝါး၊ တင်းဝါး၊ မျှင်ဝါး၊ ကြသောင်းဝါး၊ ကြိမ် |
| ၂ | ကြိုးပြင် | - | - |

(ခ) **စီးပွါးဖြစ်သစ်တောစိုက်ခင်း**

ငဖဲမြို့နယ်တွင် စီးပွားဖြစ်သစ်တော စိုက်ခင်းများမရှိကြောင်းတင်ပြအပ်ပါသည်။

(ဂ) **သစ်ထုတ်လုပ်မှု**

ငဖဲမြို့နယ်တွင် သစ်ထုတ်လုပ်မှု မရှိကြောင်းတင်ပြအပ်ပါသည်။

(ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ထင်း | ကုဗတန် | ၁၅၀ |
| ၂ | မီးသွေး | ကုဗတန် | - |
| ၃ | ဝါး | လုံး | ၂၁၇၀၀၀ |
| ၄ | ကြိမ် | လုံး | - |
| ၅ | ရှားစေး | ပိဿာ | - |
| ၆ | သစ်ခေါက် | ပိဿာ | ၂၀၀ |
| ၇ | သစ်ခွ | ပိဿာ | - |
| ၈ | သနပ်ခါး | ပိဿာ | - |
| ၉ | ဖါလာစေ့ | ပိဿာ | - |
| ၁၀ | ပျားရည် | ပိဿာ | ၄၅ |
| ၁၁ | ပျားဖယောင်း | ပိဿာ | ၄၀ |
| ၁၂ | အင်တွဲ | ပိဿာ | ၄၃၀ |
| ၁၃ | လျှော် | ပိဿာ | ၂၆၀ |
| ၁၄ | သက္ကယ် | ဗျစ် | ၇၃၄၀၀ |

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း**

၂၈။ ငဖဲမြို့နယ်၏ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု**

| စဉ် | ဓါတ်သတ္တု အမျိုးအစား | ထွက်ရှိသည့် ဒေသ | ထုတ်လုပ်မှု ပမာဏ | ထုတ်လုပ်မှု တန်ဘိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| ၁ | ခရိုမီယံ သတ္တုရိုင်း | ငရုံ့ချောင်းဒေသ | - | အလတ်စားခွင့်ပြုမိန့် လျှောက်ထားဆဲဖြစ်၍ ထုတ်လုပ်မှုမရှိပါ။ |

(ခ) **ကျောက်မျက်တူးဖော်ထုတ်လုပ်မှု**

ငဖဲမြို့နယ်တွင် ကျောက်မျက်တူးဖော် ထုတ်လုပ် မှုများ မရှိကြောင်း တင်ပြအပ်ပါသည်။

**စွမ်းအင်/လျှပ်စစ်ကဏ္ဍ**

၂၉။ ငဖဲမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

## (က) ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်

| စဉ် | မြို့နယ် | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | (၆)လအတွင်းရောင်းရမှုစည်ပေါင်း | |
|---|---|---|---|---|---|---|
| | | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁ | ငဖဲ | ဆယ်စုသစ် | - | ပုဂ္ဂလိကပိုင် | ၄၂၀ | ၁၃၀၀ |
| ၂ | | ရွှေဝါထွန်း | - | ပုဂ္ဂလိကပိုင် | ၂၈၀ | ၄၅ |
| ၃ | | အောင်ထက်လင်း | - | ပုဂ္ဂလိကပိုင် | ၆၅၀ | ၃၄၆ |
| ၄ | | နတ်ရေကန် | - | ပုဂ္ဂလိကပိုင် | ၄၈၀ | ၁၄၅၀ |
| ၅ | | NPE Star | - | ပုဂ္ဂလိကပိုင် | ၂၀၅ | ၁၈၃ |
| ၆ | | အောင်စကြာ | - | ပုဂ္ဂလိကပိုင် | ၃၅ | ၆၀ |
| **စုစုပေါင်း** | | | - | | **၂၀၈၀** | **၃၃၈၄** |

( ခ )　**သဘာဝဓါတ်ငွေ့ပိုက်လိုင်း**

| စဉ် | ပိုက်လိုင်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | ကျေးရွာမှ | ကျေးရွာအထိ | |
| ၁ | မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်း | ပဒါန်း | လင်းဒဲ | ၂၇.၀၄ |

**ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

၃၀။　ငဖဲမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)　**လေကြောင်းလမ်း**

ငဖဲမြို့နယ်တွင် လေကြောင်းလမ်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

( ခ )　**ရေကြောင်းလမ်း**

ငဖဲမြို့နယ်တွင် ရေကြောင်းလမ်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

( ဂ )　**ရထားလမ်းနှင့် ဘူတာရုံများ**

ငဖဲမြို့နယ်တွင် ရထားလမ်းနှင့်ဘူတာရုံများ မရှိပါကြောင်း တင်ပြအပ်ပါသည်။

(ဃ)　**ကားဂိတ်များ**

| **စဉ်** | **မြို့နယ်** | **ကားဂိတ်အမည်** | **ပြေးဆွဲသည့် ခရီးစဉ်** | **ပြေးဆွဲသည့် ယာဉ် အမျိုးအစား** | **ပြေးဆွဲသည့် ယာဉ်စီးရေ** |
|---|---|---|---|---|---|
| ၁ | ငဖဲ | - | ငဖဲ-မင်းဘူး | လိုက်ထရက်(စ်) | ၃ |
| ၂ | ငဖဲ | - | ငဖဲ-မင်းဘူး | မီနီဘတ်(စ်) | ၂ |
| ၃ | ငဖဲ | - | ငဖဲ-မကွေး | မှန်လုံ | ၂ |
| ၄ | ငဖဲ | - | ငဖဲ-မန္တလေး-ပြင်ဦးလွင် | Express | ၁ |
| ၅ | ငဖဲ | - | ငဖဲ-ရန်ကုန် | Express | ၁၈ |
| **စုစုပေါင်း** | | | - | - | **၂၆** |

**လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနများမှ ဆောင်ရွက်သည့်လုပ်ငန်းများ**

၃၁။ လမ်းဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများမှာ တစ်ဖက်ပါ အတိုင်း ဖြစ်ပါသည်-

(က) **ကားလမ်းများ**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်း | ၀/၀ | ၁၉/၁ | ၁၉/၁ |
| ၂ | မင်းဘူး-အမ်းလမ်း | ၂၉/၀ | ၆၁/၀ | မိုင်၃၂/၀ |
| ၃ | ပုသိမ်-မုံရွာ | ၂၅၃/၅ | ၂၆၅/၃ | ၁၁/၆ |
| ၄ | နတ်ရေကန်တောင်လမ်း | ၃၈/၂ | ၅၄/၇ | ၁၆/၅ |
| **စုစုပေါင်း** | | **-** | **-** | **၇၉/၄** |

(ခ) **မြို့နယ်ချင်းဆက်လမ်းများ**

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | |
| ၁ | ပဒါန်း-ငဖဲ-စေတုတ္တရာလမ်း | ၁၉/၁ | ၁၉/၁ | - | - | |
| ၂ | မင်းဘူး-အမ်းလမ်း | ၃၇/၇ | ၃၇/၇ | - | - | |
| ၃ | ပုသိမ်- မုံရွာလမ်း | ၁၁/၆ | ၁၁/၆ | - | - | |
| **မြို့နယ်ချုပ်** | | **၆၈/၆** | **၆၈/၆** | **-** | **-** | |

## (ဂ) တံတားများ

### (၁) ပေ (၁၈၀)အောက်တံတားများ

| စဉ် | ပေ(၅၀)မှ (၁၈၀)ရှိ တံတား အမည် | အရှည် (ပေ) | အမျိုး အစား | တည် ဆောက် သည့် ခုနှစ် | သွားလာ နိုင်သည့် ယာဉ် (ကား/ ရထား) | ပေ(၅၀) အောက် တံတား အရေ အတွက် |
|---|---|---|---|---|---|---|
| ၁ | အင်းချောင်း တံတား | ၁၃၆ပေ | သံကူ ကွန်ကရစ် တံတား | ၂၀၁၄ | မော်တော် ယာဉ် | ၃၅ |
| ၂ | သီပေါ် တံတား | ၁၀၀ပေ | သံကူ ကွန်ကရစ် တံတား | ၂၀၁၄ | မော်တော် ယာဉ် | |
